## အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် (၁၀၅/၂၀၂၄)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်

### အကောက်ခွန်ကြေညာလွှာတင်သွင်းသူများသိရှိနိုင်ပါရန်

၁။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေး အစဉ်အမြဲ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ပသို့တင်ပို့သည့် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာနအနေဖြင့် Allowed Shipment ထွက်ရှိသည်နှင့်တစ်ပြိုင်နက် ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်များအား သက်ဆိုင်ရာဌာနများသို့ အချိန်နှင့်တစ်ပြေးညီ Real Time Information အဖြစ် ပေးပို့ပြီးဖြစ်ပါသည်။ Allowed Shipment ထွက်ရှိပြီးနောက် Short Shipped နှင့် ED Cancellation ဖြစ်ပေါ်မှုအတွက် ကုန်သွယ်မှုတန်ဖိုးနှင့် အရေအတွက်များအား ကုန်သွယ်မှုစာရင်းတွင် ပြင်ဆင်ပေးပို့ခြင်းများဆောင်ရွက်ရပါသည်။ ထိုသို့ဆောင်ရွက်ရာ၌ အချို့သောကုမ္ပဏီများသည် အကောက်ခွန်ဦးစီးဌာနတွင် Short Shipped နှင့် ED Cancellation ဖြစ်ကြောင်းလာရောက် လျှောက်ထားရာတွင် Allowed Shipment ထွက်ရှိပြီးနောက် ကာလအတော်အတန်ကြာမှ လာရောက်လျှောက်ထားမှုများရှိသဖြင့် အထက်ဌာနများသို့တင်ပြပြီးဖြစ်သည့် ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်များအား ပြင်ဆင်သည့်ကိစ္စရပ်နှင့် ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ခြင်းဆိုင်ရာကိစ္စရပ်များတွင် လုပ်ငန်းစဉ်ရှုပ်ထွေးမှုများဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ရာ ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်များ ကိုက်ညီမှုရှိစေရေး ပြင်ဆင်မှုများဆောင်ရွက်နိုင်ရန်အတွက် ကုန်ပစ္စည်းတင်ပို့သူများအနေဖြင့် ပို့ကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် လျော့နည်း၍တင်ပို့ခြင်း၊ သင်္ဘောပြောင်းလဲတင်ဆောင်ခြင်း၊ ဆိပ်ကမ်းပြောင်းလဲတင်ဆောင်ခြင်းနှင့် မတင်ပို့ဖြစ်သဖြင့် ပို့ကုန်ကြေညာလွှာကို ပယ်ဖျက်ခွင့်တောင်းခံခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာဆိပ်ကမ်းတာဝန်ခံ (အကောက်ခွန်)ထံသို့ စာဖြင့် **(မပျက်မကွက်)** သတင်းပေးပို့ပြီး သက်ဆိုင်ရာ လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**